**မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်း အခြေပြု ဖွံ့ဖြိုးရေး စီမံကိန်း အမေးအဖြေ**

ဆက်သွယ်နေသော အကြောင်းအရာများ

- အမေးအဖြေ - မြန်မာနိုင်ငံ၏လူမှုအဖွဲ့အစည်း အခြေပြုဖွံ့ဖြိုးရေးစီမံကိန်း
- စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများ - မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်း အခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း (အင်္ဂလိပ်ဘာသာ)
- စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများ - မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်း အခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း (မြန်မာဘာသာဖြင့် မကြာမီ ဖော်ပြပါမည်။)
- စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများ - မြန်မာနိုင်ငံ ကြားဖြတ် မဟာဗျူဟာမှတ်စု (အင်္ဂလိပ်ဘာသာ)
- စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများ - မြန်မာနိုင်ငံ ကြားဖြတ် မဟာဗျူဟာမှတ်စု (မြန်မာဘာသာ)

မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်း အခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းကို ကြွေးမြီများ မပြေလည်မီ ပေးအပ်သော အမေရိကန်ဒေါ်လာ ၈၀ သန်းဖြင့် စတင်ပါမည်။

နိဝင်ဘာလ ၁၅ ရက်နေ့တွင် ထပ်မံဖြည့်စွက်သည်။

**ဤစီမံကိန်း၏ ရည်မှန်းချက်များက ဘာလဲ**

အဓိကရည်မှန်းချက်မှာ ပြည်သူလူထု အခြေပြု ချဉ်းကပ်မှုဖြင့် ဆင်းရဲသော ပြည်သူပြည်သားများအနေဖြင့် အခြေခံအဆောက်အအုံများကို ထိတွေ့အသုံးပြုခွင့်ရခြင်း၊ ဝန်ဆောင်မှုများ ခံစားရခြင်းတို့ကြောင့် ကောင်းကျိုးများ ခံစားကြရန် ဖြစ်ပါသည်။ ဤစီမံကိန်းအရ ကျေးလက်နေ ပြည်သူများသည် မိမိတို့အတွက် အလိုအပ်ဆုံးအရာများ ဥပမာ-လမ်းတံတားများ၊ စိုက်ပျိုးရေ ရရှိရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်းများ၊ ကျေးလက်ဈေး စသော ရင်းနှီးမြှုပ်နှံမှုများကို ရွေးချယ်ပိုင်ခွင့် ရှိလာပါမည်။ ဤစီမံကိန်းအရ ဒေသခံများ ရွေးချယ်ပေးသော အသေးစား အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ငွေကြေးထောက်ပံ့ပါမည်။ ယင်းအဆောက်အအုံများ ဆောက်လုပ်ရာတွင် အလုပ်သမားများများသုံး၍ ဆောက်လုပ်ပါမည်။ ပထမနှစ်တွင် လက်ရှိ ကျေးရွာဆေးပေးခန်းများ၊ ကျောင်းအဆောက်အအုံများ၊ ကျေးရွာရေ ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ ကျေးရွာလူထုအတွက် စုပေါင်းခန်းမများ၊ ကျေးရွာဈေးများ၊ အသေးစား စိုက်ပျိုးရေးနှင့်တူးမြောင်းများ၊ မိလ္လာအညစ်အကြေးသန့်ရှင်းလုပ်ငန်း စသော ရှိပြီးအဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ အသေးစား ချဲ့ထွင်ခြင်းတို့ကို ပြုလုပ်ပါမည်။ နောင်နှစ်များတွင် ကျေးရွာလူထုကိုယ်တိုင် ယင်းတို့ အလိုရှိသော ဦးစားပေး စီမံကိန်းများကို ဆောင်ရွက်ခွင့် ရပါမည်။

**ဒီစီမံကိန်းက ဆင်းရဲနွမ်းပါးသူများကို ဘယ်လိုကူညီမှာလဲ**

ဤစီမံကိန်းကို ရွာခံများကိုယ်တိုင်က ပါဝင်ဆောင်ရွက်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိမှာ ဖြစ်ပါသည်။

(၁) ဒေသခံများကိုယ်တိုင် ရွေးချယ်ပေးသော စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာငွေ ထောက်ပံ့ပါမည်။ (၂) ဒေသခံများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများအား ဖော်ထုတ်ခြင်းမှ အစ အကောင်အထည် ဖော်သည်အထိ လုပ်ဆောင်နိုင်ရန် စွမ်းရည်ကို မြှင့်တင်ပေးပါမည်။ (၃) ဆင်းရဲနွမ်းပါးသော၊ ထိရှလွယ်သော၊ ပစ်ပယ်ခံထားရသော လူအုပ်စုများမှ အမျိုးသား၊ အမျိုးသမီးမကျန် စီမံကိန်း လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိပါမည်။

**မည်သူတွေအကျိုးခံစားရမလဲ**

စီမံကိန်းငွေကြေးများကို ၃ နှစ်ခွဲ၍ တနှစ်လျှင်  အမေရိကန်ဒေါ်လာ ၂၇၀၀၀ ကျဖြင့် မြို့နယ် ၁၅ မြို့နယ်ရှိ ကျေးရွာအုပ်စု ၆၄၀ သို့ ချထားပေးပါမည်။ ယင်းမြို့နယ်များကို ပြည်နယ်တိုင်းဒေသကြီး ၁၄ ခုနှင့် ပြည်ထောင်စု နယ်မြေတစ်ခုမှ တစ်မြို့နယ်ကျစီ ရွေးချယ်သွားပါမည်။ ယင်းသို့ ရွေးချယ်ရာတွင် အောက်ပါ စံနှုန်းများဖြင့် ရွေးချယ် သွားပါမည်။

၁။ ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း။

၂။ အခြားပြင်ပမှ ဘဏ္ဍာရေးထောက်ပံ့မှု မရနိုင်ခြင်း။

၃။ သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များကလည်း လိုလိုလားလားရှိခြင်းတို့ကို စီစစ်ရွေးချယ်ပါမည်။

ယင်းရွေးချယ်မှုကို ပြည်ထောင်စု (ဗဟို) အဆင့်  ဦးစီးကော်မတီက ရွေးချယ်ပါမည်။

**စီမံကိန်းကို ဘယ်လို ငွေကြေးထောက်ပံ့မှာလဲ**

စီမံကိန်း၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆.၃ သန်း ဖြစ်ပါသည်။ ယင်းတို့အနက် အမေရိကန်ဒေါ်လာ ၈၀ သန်းကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA)၏ ကြွေးမြီများ မပေးလည်မီ ထောက်ပံ့သော ထောက်ပံ့ငွေမှ ရရှိပြီး ကျန်အမေရိကန်ဒေါ်လာ ၆.၃ သန်းကို နိုင်ငံတော်အစိုးရက ထည့်ဝင်ပါမည်။

**စီမံကိန်းမှာဘာတွေပါဦးမှာလဲ**

စီမံကိန်းတွင် ကဏ္ဍကြီး ၅ ခုပါဝင်ကာ ၆ နှစ်သက်တမ်း ရှိပါမည်။

၁။ ကျေးလက်များအတွက် တစ်လုံးတစ်စည်းတည်း ထောက်ပံ့ငွေ

၂။ လုပ်ငန်းအဆင်ပြေစေရေးနှင့် စွမ်းရည်မြင့်မားရေးလုပ်ငန်းများ

၃။ ဗဟုသုတကြွယ်ဝရေးနှင့် ပညာရေး

၄။ လုပ်ငန်းအကောင်အထည်ဖော်မှုအထောက်အကူ

၅။ အရေးပေါ်တုန့်ပြန်မှုများ

ဤကဏ္ဍကြီးတစ်ခုစီတွင် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပြီး ကျား/မ တန်းတူရည်တူရှိမှု၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမြင့်တင်ရေးများလည်း ပါဝင်ပါသည်။

**စီမံကိန်းကို ဘယ်လို အကောင်အထည်ဖော်မှာလဲ**

စီမံကိန်း အကောင်အထည်ဖော်မှုမှာ သက်ဆိုင်ရာ ကျေးရွာအုပ်စု ဖိုရမ်များ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှု ကော်မတီများ၏တာဝန် ဖြစ်ပါသည်။ ဤဖိုရမ်နှင့် ကော်မတီများက စီမံကိန်းအတွက် ချထားပေးသော ဘတ်ဂျက်ငွေများနှင့် ပစ္စည်းဝယ်ယူ ဖြည့်တင်းရေးကို တာဝန်ယူရပါမည်။ ပြည်ထောင်စုအဆင့် (ဗဟို) နယ်စပ်ဒေသရေးရာ ဝန်ကြီး

ဌာန၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနရုံးချုပ်သည် စီမံကိန်း အကောင်အထည်ဖော်မည့် ဌာန ဖြစ်ပါသည်။ နိုင်ငံခြားအထောက်အပံ့များ၊ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီက စီမံကိန်း၏ ဦးစီးကော်မတီအဖြစ် ဆောင်ရွက်ပါမည်။

**စီမံကိန်းကာလကဘယ်လိုလဲ**

စီမံကိန်းကို ၂၀၁၃ နှစ်ဦးပိုင်းမှစ၍ ၆ နှစ်သတ်မှတ်ထားပါသည်။ ကျေးရွာအုပ်စုများသို့ စီမံကိန်း အကောင်အထည် ဖော်ရန် ဘတ်ဂျက်များကို ၃ နှစ်ဆက်တိုက် ချပေးသွားပါမည်။ စီမံကိန်း ပထမနှစ်တွင် စံပြ ၃ မြို့နယ်နှင့် စတင်ပြီး တဖြေးဖြေး ချဲ့ထွင် သွားပါမည်။ စတင်ချပေးမည့် ဘတ်ဂျက်ငွေများကို ကျေးရွာနှင့်မြို့နယ်အဆင့်များ၏ စွမ်းရည် မြင့်မားရေးလုပ်ငန်းများတွင် သုံးစွဲရန် ဖြစ်ပါသည်။

**စီမံကိန်းတွင် ပစ်ပယ်ခံထားရသော လူအုပ်စုများ၊ တိုင်းရင်းသားလူမျိုးစုများ ပါဝင်လာအောင် မည်သို့ဆောင်ရွက်မလဲ**

စီမံကိန်းတွင် အဆိုပါအုပ်စုများ ပါဝင်လာအောင် အထူးဆောင်ရွက်ထားပါသည်။ ကျေးရွာအလိုက် တိုင်းရင်းသားများ ထဲမှ စေတနာ့ဝန်ထမ်း (Volunteer) ပုဂ္ဂိုလ်များ ရွေးချယ်တာဝန်ပေးခြင်း၊ ကျေးရွာနှင့်ကျေးရွာအုပ်စု စီမံကိန်းဝင် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လူတိုင်း လွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့်၊ တိုင်းရင်းသား လူနည်းစုဝင်များ အရေးကြီးသော ဆုံးဖြတ်ချက်များတွင်ပါဝင်ခွင့်၊ စီမံကိန်းကြီးကြပ်စီစစ်ရေးနှင့် ဒေသခံဘာသာစကားများအသုံးပြုရေးတို့ ပါဝင်ပါသည်။

**အခြားသူများနှင့်ရော ဤစီမံကိန်းကို ဆွေးနွေးမှု ရှိပါသလား**

ကမ္ဘာ့ဘဏ်သည် ဤစီမံကိန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း (NGO)များ၊ အခြားဖွံ့ဖြိုးရေး အထောက်အကူပြု အဖွဲ့အစည်းများ စသည်တို့နှင့် ကြိုတင် ဆွေးနွေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ ဘဏ်အုပ်ချုပ်ရေးအဖွဲ့မှ ဤစီမံကိန်းကို အတည်မပြုမီ ကာလကပင် တိုင်ပင် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ဤဆွေးနွေးမှုများတွင် (NGO) များ၏ အခန်းကဏ္ဍ၊ သဘာဝ ဝန်းကျင် ထိန်းသိမ်းရေး၊ ပစ်ပယ်ခံ လူအုပ်စုများအရေး၊ ပွင့်လင်းမြင်သာရှိမှု၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများနှင့် စီမံကိန်း ဆိုင်ရာကိစ္စများ ပါဝင်သည်။

ကမ္ဘာ့ဘဏ်သည် စီမံကိန်း အကောင်အထည် ဖော်နေသည့် ကာလတွင်လည်း တောက်လျှောက် သက်ဆိုင်ရာ ပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ဆက်စပ်ညှိနှိုင်းမှုများ ပြုလုပ်သွားပါမည်။ တစ်ချိန်တည်းမှာပင် အစိုးရပိုင်းကလည်း စီမံကိန်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို (NGO) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍမှ ပုဂ္ဂိုလ်များ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု အဖွဲ့အစည်းများ၊ တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့်လည်း စီမံကိန်းကာလတစ်လျှောက် ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ပါသည်။ အဓိကမှာ စီမံကိန်းစတင်ရန် မြို့နယ်များကို ရွေးချယ်ပြီးသည်နှင့် ယင်းမြို့နယ်များရှိလူထုနှင့် ဆွေးနွေးရန် ဖြစ်ပါသည်။

**စီမံကိန်းအကောင်အထည်ဖော်မှုတွင် အန်ဂျီအိုများ၏ အခန်းကဏ္ဍဘယ်လိုရှိမလဲ၊ ရှိခဲ့လျှင် သင့်တော်သူကို ဘယ်လို ရွေးမလဲ**

စီမံကိန်းအကောင်အထည်ဖော်ရေးတွင် ရုံးလုပ်ငန်းပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုပြုရန်အတွက် ကျေးလက်ဖွံ့ဖြိုးမှု ဦးစီးဌာနရုံးချုပ်သည် ပြည်တွင်းပြည်ပ အန်ဂျီအိုများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်း အကောင်အထည်ဖော်မည့် မြို့နယ် (၁) ခုစီအတွက် အန်ဂျီအို တစ်ဖွဲ့ ရှိပါမည်။ ယင်းအန်ဂျီအိုများ၏ အဓိကတာဝန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမြို့နယ်ရုံးများအား နည်းပညာ အထောက်အကူပေးခြင်းနှင့် လုပ်ငန်း

အကောင်အထည်ဖော်ရာတွင် ဒေသခံများနှင့် ဆက်စပ်ပေးရေး ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် (ဗဟို) တွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်အား အထောက်အကူပေးရန် အန်ဂျီအို အဖွဲ့တစ်ဖွဲ့ ရှိပါမည်။

အန်ဂျီအိုအဖွဲ့များကို ငှားရမ်းရာတွင် ပွင့်လင်းမြင်သာမှုရှိသော ပြိုင်ဆိုင်မှုစနစ်ဖြင့် ငှါးရမ်းပါမည်။ ယင်းတို့တင်သွင်းသော လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု မှတ်တမ်းများ၊ ကုန်ကျစရိတ် စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားပါမည်။ အဓိကမှာ ယင်းတို့ ယခင်က ယခုလို လူမှုအဖွဲ့အစည်း အခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ ရှိမရှိကို အကဲဖြတ်ပါမည်။ သို့မှသာ ယင်းတို့၏ ကမ္ဘာတလွှား အတွေ့အကြုံများမှာ မြန်မာနိုင်ငံအတွက် အမြတ် ရရှိမည် ဖြစ်ပါသည်။

**ချပေးလိုက်သော ဘတ်ဂျက်ငွေများကို ဘယ်လိုကြီးကြပ်စီမံမလဲ၊ အလွဲသုံးစားမှုများကို ဘယ်လိုဖြေရှင်းမလဲ**

ဘတ်ဂျက်ငွေများကို အလွဲသုံးစားမှုမှ ကာကွယ်ရန် အစီအမံများ ရှိပြီးဖြစ်ပါသည်။

၁။ ကျေးရွာအဆင့်တွင် ကုန်ကျစရိတ်စာရင်းများကို လူထုမြင်သာအောင် ပြုလုပ်ရေးနှင့် မကျေနပ်မှုများကို တိုင်တန်း နိုင်သော ယန္တရားတစ်ခု ရှိပါမည်။

၂။ စီမံကိန်းဆောင်ရွက်မှုအဆင့်တွင် ဘဏ္ဍာရေးရာဆောင်ရွက်မှုများကို တိကျသော စည်းမျဉ်း စည်းကမ်း များဖြင့် ထိန်းချုပ်ခြင်း၊ ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းများကိုလည်း တိတိကျကျ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ခြင်း၊ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း ငွေပေးငွေယူကိစ္စများ စသည်တို့ကို ပွင့်လင်း မြင်သာသောစနစ်ဖြင့် အများက စီမံကိန်းလုပ်ငန်းများအား စီစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်အောင် ပြုလုပ် ထားရပါမည်။

၃။ စီမံကိန်းလုပ်ငန်းအချို့ကို စံကွက်အဖြစ် ပြင်ပမှ လွတ်လပ်သော စာရင်းစစ်အဖွဲ့များက စာရင်းစစ်ခြင်းနှင့် နှစ်စဉ် ပြည်ထောင်စုအဆင့် (ဗဟို)၏ စာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြင်ပ စာရင်းစစ် အ ဖြစ် ဝင်ရောက်စစ်ဆေးခြင်း၊

စီမံကိန်းတွင် မှန်ကန်ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှုများ မရှိစေရန်အတွက်လည်း အစီအမံများ ရှိပါသည်။ ဤအစီအစဉ်များတွင် မိမိလုပ်ငန်းများကို အများသိအောင် ဆောင်ရွက်ခြင်း၊ နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရေးယန္တရား စသည်တို့ ဖြစ်ပါသည်။ ယင်းတို့၏ အကာအကွယ်ဖြင့် စီမံကိန်းများတွင် မကျေနပ်ချက်များ၊ ငွေအလွဲသုံးစားမှုများကို ကာကွယ်ရန် စီမံထားပါသည်။ ထို့အပြင် စီမံကိန်းအရည်အသွေးကိုလည်း မကြာမကြာ နည်းပညာပိုင်းမှ ဝင်ရောက်စစ်ဆေးမှုများ ရှိပါမည်။

**ဤစီမံကိန်းနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ ဘယ်နေရာတွင် ရနိုင်ပါမည်လဲ**

ဘဏ်၏မူဝါဒဖြစ်သည့် Access to Information Policy အရ စီမံကိန်းနှင့်ဆိုင်သော စာရွက်စာတမ်းများအားလုံးကို ဘဏ်အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုပြီးသည်နှင့် ဘဏ်၏ Website တွင် တင်ပြီး ဖြစ်ပါသည်။ အခြားသက်ဆိုင်သော စာရွက်စာတမ်းများကိုလည်း သက်ဆိုင်ရာမူဝါဒများနှင့်အညီ ယင်း Website တွင် တင်ပြီး ဖြစ်ပါသည်။ နောက်ထပ် တင်စရာရှိသော စာရွက်စာတမ်းများကိုလည်း National Community Driven Development Webpage တွင် ဆက်လက် တင်သွားပါမည်။ မြန်မာဘာသာသို့ ပြန်ဆိုထားသော စာရွက်စာတမ်းများကိုမူ အချိန်ယူရမည် ဖြစ်သဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာရွက်စာတမ်းများထက် နောက်ကျမှ တင်ပြနိုင်ပါမည်။